Burmese
緬甸文

# ဆက်သွယ်ရေးနည်းလမ်းဖြင့်အရောင်းအဝယ်လုပ်ခြင်းအကြောင်းဘယ်လောက်နားလည်ပါသလဲ။




အင်တာနက်တိုးတက်လာသည်နှင့်အမျှ
စားသုံးသူတို့သည် ကွန်ပျူတာ၊ tablet၊ မိုဘိုင်းဖုန်း
များပေါ်တွင်လက်ကလေးလှုပ်ရှားလိုက်ရုံဖြင့်ကုန်ပစ္စည်း
များဝယ်ယူနိုင်သည့်လုပ်ဆောင်ချက်များ
တနေ့တခြားပိုမိုများပြားလာပါသည်။ထို့ကြောင့်စားသုံးသူ
(များ)၏ဝယ်ယူမှုအခွင့်အရေးကိုကာကွယ်ရန်
စားသုံးသူကာကွယ်ရေးဥပဒေအမှတ်(၁၉)တွင်ရှင်းလင်း
စွာသတ်မှတ်ထားပါသည်။ဆက်သွယ်ရေးနည်းလမ်းဖြင့်
အရောင်းအဝယ်လုပ်ခြင်းသည်(၇)ရက်အတွင်းအကြောင်း
ပြချက်မရှိပယ်ဖျက်နိုင်ပါသည်။



## ဆက်သွယ်ရေးနည်းလမ်းဖြင့်အရောင်းအဝယ်လုပ်ခြင်းဆိုသည်မှာအဘယ်နည်း။

ဆက်သွယ်ရေးနည်းလမ်းဖြင့်အရောင်းအဝယ်လုပ်ခြင်းဆိုသည်မှာ
ထုတ်လုပ်သူသည် ရေဒီယို၊ တီဗွီ၊ တယ်လီဖုန်း၊ Fax၊
သတင်းစာ၊ဂျာနယ်၊အင်တာနက်အစရှိသည့်နည်းတို့ကြောင့်၊
စားသုံးသူသည် ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု
တို့ကိုစစ်ဆေးခွင့်မရသောအခြေအနေအတွက်၊ ထုတ်လုပ်သူနှင့်
စာချုပ်ချုပ်ခြင်းကိုဆိုလိုပါသည်။

ဥပမာ။ ။အင်တာနက်၊တယ်လီဖုန်း၊ တီဗွီတို့မှ
အဝတ်အစားများဝယ်ယူခြင်း။

## ဆက်သွယ်ရေးနည်းလမ်းဖြင့်အရောင်းအဝယ်လုပ်ခြင်းတွင်ရှိသော အထူးရပ်ဆဲမှုအခွင့်အရေး

ဆက်သွယ်ရေးနည်းလမ်းဖြင့်အရောင်းအဝယ်လုပ်ခြင်းသည်ပစ္စည်းသို့
မဟုတ်ဝင်ဆောင်မှုရှိပြီး (၇) ရက်အတွင်း၊
အကြောင်းပြချက်ပေးရန်မလိုဘဲ၊ကုန်ကျစရိတ်တစ်ပြားတစ်ချပ်မှ
တာဝန်ယူရန်မလိုဘဲ ကုန်ပစ္စည်းများကိုပြန်ပေးခြင်း ၊အသိပေးစာပို့ခြင်း
စသည့်နည်းတို့ဖြင့် စာချုပ်ပယ်ဖျက်ခွင့်ရှိပါသည်။
သို့သော်လက်တွေ့ဆိုင်ခန်းတွင်၊သွားဝယ်သောကုန်ပစ္စည်းများအနေဖြင့်
(၇) ရက်အတွင်းပယ်ဖျက်ခွင့် မရှိပါ။

## ဆက်သွယ်ရေးနည်းလမ်းဖြင့်အရောင်းအဝယ်လုပ်ခြင်း၏ပယ်ဖျက်ရန်အခွင့်အရေးတွင် မပါဝင်သည့်အခြေနေများနှင့်ပတ်သက်သောစည်းမျဉ်းစည်းကမ်းများ။

၁ရက်၊၁လ၊၂၀၁၆ခုနှစ်နေ့မှစ၍ဆက်သွယ်ရေးနည်းလမ်းဖြင့်အရောင်းအ
ဝယ်လုပ်ခြင်းနှင့်ပတ်သက်

သောအငြင်းပွားမှုများအားစဉ်းစားညှိနှိုင်းသည့်အနေဖြင့်စားသုံးသူကာ
ကွယ်ရေးဥပဒေသည်ထူးခြား

သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတစ်ချို့အား
「ဆက်သွယ်ရေးနည်းလမ်းဖြင့်အရောင်းအဝယ်လုပ်ခြင်း၏ပယ်ဖျက်ခွင့်
တွင် မပါဝင်သော
အခြေအနေများနှင့်ပတ်သက်သောစည်းမျဉ်းစည်းကမ်းများ」
သတ်မှတ်ထားပါသည်။
ဤစည်းမျဉ်းစည်းကမ်းနှင့်လိုက်ညီသည့်ကုန်ပစ္စည်းများ၊ဝန်ဆောင်မှု
များအား(၇) ရက်အတွင်းပစ္စည်းဖလှယ်မှု ပယ်ဖျက်ခြင်း အခွင့်အရေး
မှပထုတ်ခြင်းဖြင့်
ထုတ်လုပ်သူနှင့်စားသုံးသူတို့၏အခွင့်အရေးများကိုညီမျှစွာကာကွယ်
ထားပါသည်။

廣告

行政院消費者保護處
စားသုံးသူကာကွယ်ရေးကော်မတီ၊

# (၇) ရက်အတွင်း စာချုပ်ပယ်ဖျက်ခွင့်မရှိသင့်သောအကြောင်းအရာများ



ပုပ်သိုးလွယ်သော၊သတ်တမ်းတိုသောပစ္စည်းများ သို့မဟုတ် ဖလှယ်မှုပယ်ဖျက်ချိန်တွင် ရက်လွန်နေသောကုန်ပစ္စည်းများ ဥပမာ။ ။အခုလုပ်ထမင်းဘူးများ၊အသီးအရွက်များ၊ကိတ်မုန့် ၊နွားနို့များ။

အပတ်စဉ်သတင်းစာ၊ဂျာနယ်။

ပါကင်ဖွင့်ပြီးသားဖြစ်သော ရုပ်မြင်သံကြားထုတ်ကုန်များသို့မဟုတ်ကွန်ပျူတာ ဆော့ဝဲ။ ဥပမာ။ ။သီချင်းစီဒီ(CD)ခွေများ၊ရုပ်ရှင်ဒီဗီဒီ(DVD)ခွေများ။

အပြည်ပြည်ဆိုင်ရာလေကြောင်းဝန်ဆောင်မှုများ။

ပါကင်ဖွင့်ပြီးပြီဖြစ်သော တစ်ကိုယ်ရေသုံးပစ္စည်းသုံးပစ္စည်းများ၊ဥပမာ။ ။အတွင်းခံအကျီ၊အတွင်းခံဘောင်းဘီ၊ မုတ်ဆိတ်ရိတ်ဓား။

စားသုံးသူ၏ခွင့်ပြုချက်ရယူပြီးမှသာပေးသောဒီဂျစ်တယ်အကြောင်းအရာများ
ထောက်ပံ့ပေးသည်နဲ့တပြိုင်နက်ပြီးဆုံးပြီဖြစ်သောအွန်လိုင်းဝန်ဆောင်မှုများ။
ဥပမာ။ ။
ဒီဂျစ်တယ်စာအုပ်၊ဗိုင်းရပ်(စ်)ရှင်းသောဆော့ဝဲ၊အွန်လိုင်းငွေလွှဲခြင်း။

ညှိသည်စိတ်တိုင်းကျသီးသန့်ထုတ်လုပ်ထားသောပစ္စည်းများသို့မဟုတ်ဝန်ဆောင်မှုများ ၊ဥပမာ။ ။
ဒီဂျစ်တယ်စာအုပ်၊ဗိုင်းရပ်(စ်)ရှင်းသောဆော့ဝဲ၊အွန်လိုင်းငွေလွှဲခြင်း။

## မှတ်ကြားရန်အချက်များ

အထက်ပါထူးခြားသည့်အခြေနေတွင်ပါဝင်သောကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများသည် (၇)ရက်အတွင်း ဆက်သွယ်ရေးနည်းလမ်းဖြင့်အရောင်းအဝယ်လုပ်ခြင်းပယ်ဖျတ်ခွင့်မရှိသော်လည်း စားသုံးသူများသည် မြို့ပြဥပဒေနှင့်အခြားဥပဒေများဖြင့် မိမိအခွင့်အရေးကိုကာကွယ်နိုင်ပါသည်။ ဥပမာ။ ။
စားသုံးသူဝယ်ယူသည့်ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများတွင်အနာအစာများရှိနေခဲ့ပါကစားသုံးသူများသည်မြို့ပြဥပဒေအမှတ်(၃၅၄)ဖြင့်ထုတ်လုပ်သူများအား ပစ္စည်းအသစ်လဲလှယ်ရန်သော် လည်းကောင်း၊
ဈေးနှုန်းလျှော့ပေးရန်သော်လည်းကောင်း၊
ကုန်ပစ္စည်းဝယ်ယူခြင်းပယ်ဖျတ်ခြင်း
သော်လည်းကောင်းအစရှိသည်တို့ကိုထုတ်လုပ်သူအားတောင်းဆိုခွင့်ရှိသည်။
အခြားထိခိုက်နစ်နာမှုများရှိခဲ့ပါက
နစ်နာမှုလျော်ကြေးများတောင်းဆိုနိုင်ပါသည်။